# အလုပ်လက်မဲ့နှုန်းပပျောက်အောင် ကြိုးပမ်းနေတဲ့ ရခိုင်လူငယ်လေးများ



မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးမှုအနည်းဆုံးဒေသတွေထဲမှာ ရခိုင်ပြည်နယ်လည်း ပါဝင်နေပါတယ်။ ရခိုင်ဒေသဟာ အလုပ်လက်မဲ့နှုန်း အမြင့်မားဆုံးရှိပြီး နိုင်ငံအတွင်း လုပ်အားပါဝင်မှုနှုန်းလည်းအနည်းဆုံးရှိနေတယ်လို့ ၂၀၁၄ခုနှစ်က ကောက်ယူခဲ့တဲ့ မြန်မာ့လူဦးရေနှင့်သန်းခေါင်းစာရင်းမှာ ဖော်ပြထားပါတယ်။ ဒီပြဿနာတွေရဲ့ အရင်းခံကတော့ ကာလာရှည်ကြာဆင်းရဲနွမ်းပါးတာ၊ အသက်မွေးမှုအခွင့်အလမ်းတွေမရှိတာ၊ အရည်အသွေး ပြည့်ဝတဲ့ ကျန်းမာရေးနဲ့ ပညာရေးဝန်ဆောင်မှုတွေ မရှိတာတွေဖြစ်ပါတယ်။ ဒီအခြေအနေတွေဟာ ဒေသတွင်းက ပြည်သူတွေ အထူးသဖြင့် နေရပ်စွန့်ခွာနေထိုင်နေရသူတွေအပေါ်မှာ သက်ရောက်မှုတွေ ရှိနေပါတယ်။

ရခိုင်ပြည်နယ်က ထိခိုက်လွယ်တဲ့ ရပ်ရွာလူထုတွေကို ပံ့ပိုးကူညီဖို့အတွက် Danish Refugee Council (DRC) နဲ့ Norwegian Refugee Council (NRC) တို့ပူးပေါင်းပြီး "ရခိုင်ပြည်နယ်ရှိ ယာယီစခန်းအတွင်း/အပြင်မှ လူငယ်များအတွက် အသက်မွေးပညာသင်တန်းများ နှင့် အလုပ်အကိုင်အခွင့်အလမ်းများ" ဆိုတဲ့ စီမံချက်ကို LIFT ရန်ပုံငွေ ပံ့ပိုးမှုနဲ့ အကောင်ထည်ဖော်လျက်ရှိပါတယ်။ အဆိုပါစီမံကိန်းဟာ ယာယီစခန်းများနဲ့ စခန်းပြင်ပက လူငယ်များကို အရည်အသွေးပြည့်ဝပြီး ဘေးကင်းလုံခြုံကာ သင်တင့်လျောက်ပတ်တဲ့ သင်ယူမှု အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ အဓိကရည်ရွယ်ထားတာကတော့ ဒေသခံ လူငယ်လေးတွေအနေနဲ့ လုပ်ငန်းကျွမ်းကျင်မှုတွေဖြစ်ထွန်းအောင်၊ အလုပ်အကိုင်ရရှိအောင် နဲ့ ရပ်ရွာလူထု အတွင်းမှာ တက်ကြွစွာပါဝင်တဲ့ လူငယ်လေးတွေဖြစ်လာစေဖို့ ဖြစ်ပါတယ်။

LIFT ရဲ့ ကွင်းဆင်းလေ့လာရေးခရီးမှာ ကျောက်တန်းကြီးကျေးရွာက လူငယ်လေးတွေနဲ့တွေ့ဆုံခွင့်ရခဲ့ပါတယ်။ အဆိုပါလူငယ်လေးတွေက လူမှုစီပွားဆိုင်ရာ ထိခိုက်လွယ်မှု သတ်မှတ်ချက်စံနှုန်းတွေနှင့်အညီ စီမံချက်က ရွေးချယ်ထားတဲ့သူလေးတွေဖြစ်ပါတယ်။ သူတို့လေးတွေနဲ့ ကြုံတုန်းဆုံခိုက် ပြောဆိုမေးမြန်းရင်းက စိတ်ဝင်စား အားတက်ဖွယ် သူတို့အကြောင်းလေးတွေသိခဲ့ရလို့ အခုလိုပဲ မျှဝေပေးလိုက်ပါတယ်။



မတင်တင်လှက အသက် ၂၃နှစ် ရှိပြီဖြစ်တဲ့ အမျိုးသမီးတစ်ဦးဖြစ်ပြီး သူမရဲ့ စိတ်ကူးအိပ်မက်ကတော့ မြန်မာနိုင်ငံရဲ့ အနာဂတ်ခေါင်းဆောင်တွေကို ကူညီပေးတဲ့သူတစ်ယောက်ဖြစ်ချင်ပါတယ်တဲ့..

"ကျွန်မက ဆရာမတစ်ယောက်ဖြစ်ချင်တယ်..အနာဂတ်ရဲ့ ခေါင်းဆောင်တွေကို ပျိုးထောင်ပေးတဲ့သူ ဖြစ်ချင်တာပေါ့.ကျွန်မ ဆယ်တန်းတုန်းက ကျွန်မရဲ့ အင်္ဂလိပ်စာဆရာမကို သိပ်ပြီး အားကျခဲ့တာ..ဆရာမက ကျွန်မတို့ကို သင်ရိုးညွှန်းတန်းတွေ၊ အင်္ဂလိပ်စာစောင်တွေထက်ကို အများကြီးပိုပြီး သင်ပေးခဲ့တယ်.. ဘဝအကြောင်း၊ ဂါရဝတရားအကြောင်း၊ သူတစ်ဖက်သားအပေါ် ဘယ်လိုမေတ္တာထားရမယ်ဆိုတဲ့အကြောင်းကို သင်ပေးခဲ့တဲ့သူပေါ့"

မတင်တင်လှက DRC/NRC က သင်ပေးတဲ့ ဘဝနေနည်းသင်တန်းမှာ ဦးနှောက်ဖွံ့ဖြိုးမှုနဲ့ဆိုင်တဲ့ သင်ခန်းစာတွေကို အထူးနှစ်သက်မိတယ်လို့ ပြောပါတယ်။ လက်ရှိအချိန်မှာလည်း သူမရွာက အသက် ၇နှစ်နဲ့ ၁၅နှစ်ကြားရှိတဲ့ ကျောင်းသား အယောက် ၂၀ကို စာသင်ကြားပေးနေပါတယ်။ သူမတက်ရောက်တဲ့ ဒီ ဘဝနေနည်း သင်တန်းလေးက သူမစာသင်ကြားပေးတဲ့အခါမှာ အထောက်အကူဖြစ်ရုံသာမကဘဲ သူမရဲ့ ကျောင်းသူ၊သားတွေအပေါ်မှာလည်း မှန်ကန်တဲ့စိတ်ထားလေး ပိုပြီး ထားတတ်လာစေပါတယ်။ အနာဂတ်မှာတော့ မြန်မာဘာသာရပ်ကို သင်ကြားပေးတဲ့ ဆရာမတစ်ယောက်ဖြစ်ချင်ပါတယ်လို့ မတင်တင်လှက သူ့ရည်မှန်းချက်လေးကို ပြောပြပါတယ်။



အသက် ၂၃နှစ်ရှိပြီဖြစ်တဲ့ မခင်နွယ်ဝင်းကတော့ DRC/NRC က သင်ပေးတဲ့ ဘဝနေနည်းသင်တန်းမှာ အောင်မြင်မှုနဲ့ဆိုင်တဲ့ သင်ခန်းစာတွေကို သဘောကျတယ်လို့ ဆိုပါတယ်။ "ဘဝနေနည်းဆိုတာက တကယ်တန်းတော့ စဉ်ဆက်မပြတ် လေ့လာသင်ယူနေဖို့ လိုတာပေါ့။ ကျွန်မတို့ ရှင်သန်နေသမျှကာလပတ်လုံး နေ့တိုင်းသင်ယူလေ့လာနေကြရတယ်။ ဘယ်တော့မှ ရပ်သွားလို့မရဘူး"။ မခင်နွယ်ဝင်းအတွက် ဘဝ အောင်မြင်မှုက အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ သူမရဲ့ မိသားစု၊ ရပ်ရွာလူထုကို ပြန်ပြီး ကူညီပေးနိုင်ဖို့က သူမကိုယ်တိုင် အောင်မြင်မှုဖြစ်မယ်လို့ ယုံကြည်လက်ခံထားလို့ပါပဲ။



DRC/NRC ရဲ့ ဘဝနေနည်းသင်တန်းကနေ အောင်မြင်မှုသင်ခန်းစာတွေကို စိတ်ဝင်စားသူ နောက်တစ်ယောက်ကတော့ အသက် ၂၁နှစ်အရွယ် မအိမြတ်ခိုင် ဖြစ်ပါတယ်။ ဒီသင်တန်းကနေ သူမရဲ့ ရည်မှန်းချက်တွေကို လက်တွေ့အကောင်ထည်ဖော်ဖို့ တွန်းအားဖြစ်စေပါတယ်။ တကယ်ကတော့ "ကျွန်မကတော့ ရပ်ရွာအတွက်ကို အဓိကထားပါတယ်။ ဒါပေမယ့်လည်း ပထမဆုံးကတော့ ကိုယ့်ကိုယ်ကို အရင်အောင်မြင်အောင် လုပ်ရမှာပေါ့။ ဒါမှလည်း ကျွန်မရည်ရွယ်ထားတဲ့ ရပ်ရွာအကျိုးသယ်ပိုးမယ့် အလုပ်တွေလုပ်ပေးနိုင်မှာ"လို့ မအိမြတ်ခိုင်က ပြောပါတယ်။ သူမအတွက် အမြဲတမ်းမှတ်မိနေမယ့် သင်ခန်းစာလေးကတော့ "ဘယ်လိုအခက်အခဲပဲ တွေ့ရတွေ့ရ ဆက်ပြီးသာလျှောက်ပါ" လို့ပြောပါတယ်။